# သာမန်ကာလ (၁၃) ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်မာတေဦး ၁၀း၃၇ - ၄၂

"အဖ၊ သို့မဟုတ် အမိကို ငါ့ထက်ပို၍ ချစ်သောသူသည် ငါနှင့်မထိုက်တန်။ သား၊ သို့မဟုတ် သမီးကို ငါ့ထက်ပို၍ ချစ်သောသူသည် ငါနှင့် မထိုက်တန်။" လို့ ယေဇူးဘုရားရှင် မိန့်တော်မူပါတယ်။ မိဘကို ရိုသေဖို့ သားသမီး မိသားစုကို ချစ်ဖို့အတွက်လည်း ဘုရားသခင်က ပညတ်ထားပါတယ်။ ဒါပေမဲ့ အဲဒီမိသားစုအချစ်က တစ်ခါတစ်လေ တစ်ကိုယ်ကောင်းဆံတဲ့အချစ်ဖြစ်တတ်ပါတယ်။ ကိုယ့်မိဘမှ ကိုယ့်မိဘပဲ။တစ်ခြား ကိုယ့်အဖေကိုယ့်အမေအရွယ်တွေကို လုံးဝ ငဲ့မကြည့်ဘူး။ ဒါကြောင့် ဘုရားထက် ကိုယ့်မိဘကို ပိုချစ်တဲ့လူဆိုတာ အဲ့လိုလူစားမျိုးကို ပြောတာ။ ကိုယ့်မိသားစု လုံခြုံရင် ပြီးတာပဲ၊ တစ်ခြားမိသားစုတွေ ဘယ်လိုဒုက္ခရောက်ရောက် ကိုယ်ချင်းမစာတတ်ဘူး။ အဲ့လိုလူတွေဟာလည်း ဘုရားထက် ကိုယ့်မိသားစုကို ပိုချစ်တဲ့လူတွေပါပဲ။ တစ်ကိုယ်ကောင်းဆံတဲ့ အချစ်တွေပါ။

ဘုရားကို တကယ်ချစ်တဲ့စိတ်ရှိရင် ကိုယ့်မိသားစုသာမက ကိုယ့်ပတ်ဝန်းကျင်ရှိသူတွေကိုလည်း မေတ္တာထားတတ်ကြပါတယ်။ ယနေ့ဖတ်ရတဲ့ ပထမကျမ်းစာမှာ ကိုယ့်အိမ်ရှေ့က ဖြတ်ဖြတ်သွားနေတဲ့ ပရောဖက် ဧလီရှဲဦးကို အိမ်ရှင်အမျိုးသမီးက ဘုရားရဲ့အမှုတော်ဆောင်မှန်း ရိပ်မိလို့ အိမ်မှာ ညအိပ်တည်းခိုနိုင်အောင် အိမ်ခန်းချဲ့ပြီး စီစဉ်ပေးခဲ့ပါတယ်။ ခါတိုင်းဆိုရင် ပရောဖက်ကြီးမှာ တည်းခိုစရာအိမ် မရှိလို့ တရားဟောပြီးရင် ကိုယ့်အိမ်ကို မမှောင်ခင် ပင်ပင်ပန်းပန်း ပြန်ပြန်ပြေးနေရတာကို အိမ်ရှင်အမျိုးသမီးက သတိထားမိပါတယ်။ ဒါကြောင့် ပရောဖက်ကြီးက မတောင်းဆိုပေမဲ့ အိမ်ရှင်အမျိုးသမီးက သူတို့အိမ်မှာ ပရောဖက်ကြီးအတွက် သီးသန့်အခန်းတစ်ခန်း ဆောက်လုပ်ပြီး နားခိုစေပါတယ်။ ပရောဖက်ကြီးကလည်း အိမ်ရှင်လင်မယားနှစ်ယောက်ကို ကျေးဇူးတုန့်ပြန်ချင်တာနဲ့ သူတို့မှာ ဘာဆုကျေးဇူးရချင်သလဲလို့ မေးပါတယ်။ ဒီလင်မယားမှာ သားသမီး မထွန်းကားဘူးဆိုတာ သိတာနဲ့ ပရောဖက်ကြီးက "နောက်နှစ် ဒီအချိန်ဆိုရင် သင့်မှာ သားကို ဖွားမြင်ရလိမ့်မယ်" လို့ မိန့်တော်မူတဲ့အတိုင်း သားမွေးရသော ဆုကျေးဇူးကို ခံစားရခဲ့ပါတယ်။ ယနေ့ကျမ်းစာထဲမှာ ယေဇူးဘုရားရှင် မိန့်တော်မူတာက "လူတစ်ဦးသည် ပရောဖက်ဖြစ်ခြင်းကြောင့် ထိုပရောဖက်ကို လက်ခံသောသူသည် ပရောဖက်၏ဆုလာဘ်ကို ရလိမ့်မည်။ လူတစ်ဦးသည် ဖြောင့်မတ်သောသူဖြစ်ခြင်းကြောင့် ထိုဖြောင့်မတ်သူကို လက်ခံသောသူသည် ဖြောင့်မတ်သူ၏ဆုလာဘ်ကို ရလိမ့်မည်" တဲ့။ ဘုရားရဲ့လူကို လက်ခံရင် ဆုလာဘ်ကို ရလိမ့်မယ်၊ လက်မခံရင်တော့ မရဘူးပေါ့။

ပထမကျမ်းစာထဲမှာ ဘုရားရဲ့တရားတော်ကို ဟောပြောဖို့ နယ်လှည့်တရားဟောနေတဲ့ ပရောဖက်ကို အကူအညီပေးတဲ့ လင်မယားနှစ်ယောက်ဟာ ဆုကျေးဇူးခံစားရသလို ကိုယ့်ဝိညာဉ်ရေးအတွက် ဘုရားအမှုတော်ဆောင်တွေကိုလည်း ကူညီရပါမယ်။ ကိုယ်နဲ့ ပုဂ္ဂိုလ်ရေးအရ သိလို့ ခင်သည်ဖြစ်စေ၊ မခင်သည်ဖြစ်စေ ကိုယ့်ဝိညာဉ်ရေးအတွက် ဘုရားက ခန့်အပ်ထားတဲ့ဘုန်းကြီး၊ သီလရှင်တွေဖြစ်လို့ ကူညီရပါမယ်။ တစ်ချို့က သာသနာကို မုန်းလို့ မကူညီချင်ဘူး၊ တစ်ချို့က

ဖြောင့်မတ်သောသူဖြစ်လို့ မုန်းကြတယ်။ ယေရှုဘုရားရှင် မိန့်တော်မူထားတာက “ထိုဖြောင့်မတ်သူကို လက်ခံသောသူသည် ဖြောင့်မတ်သူ၏ဆုလာဘ်ကို ရလိမ့်မည်” ဆိုတဲ့အတိုင်းပဲ ဘုရားရဲ့တရားကို ဟောလို့ဆိုပြီး အဲဒီတရားဟောဆရာကို သင်က လေးစားနားထောင်ရင် သင်ပဲ ဆုကျေးဇူး ခံစားရတယ်မဟုတ်ဘူးလား။ တစ်ချို့ လူယုတ်မာတွေက ဖြောင့်မတ်သောသူဆိုရင် မုန်းကြတယ်။ ကောင်းတဲ့သူကို ထောင်ချထားတယ်။ လူကောင်းကို မုန်းတယ်ဆိုတဲ့စိတ်ထားဟာ နတ်ဆိုးဆီက လာတဲ့စိတ်ထားဖြစ်တယ်။

ဘာသာသူတို့လည်း ကိုယ်ဟာ ကောင်းတဲ့လူကို မုန်းတီးတဲ့စိတ်များ ဝင်နေသလားဆိုတာ ကိုယ့်ကိုယ်ကို စစ်ဆေးကြည့်ပါ။ ဘာဖြစ်လို့လဲဆိုတော့ လူကောင်းကို မုန်းတဲ့စိတ်ဟာ နတ်ဆိုးဆီကလာတဲ့စိတ်ထား ဖြစ်နေလို့ပါပဲ။ ဘုရားနဲ့ဆိုင်တဲ့သူဆိုရင် သူတို့က မုန်းကိုမုန်းတာ။ ဘုရားနဲ့ ဆိုင်တဲ့ဟာမှန်သမျှကို မုန်းတယ်။ ဘုရားကျောင်းက ခေါင်းလောင်းထိုးသံပဲဖြစ်ဖြစ် မကြားချင်ဘူး။ ဘုန်းကြီး သီလရှင်ရဲ့ သင်္ကန်းပဲဖြစ်ဖြစ် မမြင်ချင်ဘူး။ အဲ့လိုများ ဖြစ်နေခဲ့ရင် သင်ဟာ နတ်ဆိုးရဲ့ဘက်တော်သား ဖြစ်နေပါလိမ့်မယ်။ အမြန်ဆုံး အဲ့လိုစိတ်ထားကို ပြင်ကြပါ။

“ မိမိ၏အသက်ကို ရှာဖွေတွေ့ရှိသောသူသည် အသက်ကို ဆုံးရှုံးရလိမ့်မည်။ ငါ့အတွက်ကြောင့် မိမိ၏အသက်ကို အဆုံးရှုံးခံသောသူသည် ထိုအသက်ကို ရလိမ့်မည်။” ဆိုလိုချင်တာကတော့ ဒီလောကမှာ ရှင်နေတဲ့အသက်တာအတွက် ရှာဖွေတဲ့သူက အာဏာရှိဖို့၊ နာမည်ကြီးဖို့၊ ချမ်းသာကြွယ်ဝဖို့ပဲ အရေးပေးမယ်။ ဒါကြောင့် အဲ့လိုလူက ဒီဘဝမှာရော၊ နောက်ဘဝမှာပါ ဘုရားပေးမည့် ဆုကျေးဇူး ကောင်းကြီးမင်္ဂလာတွေနဲ့ ဝေးရလိမ့်မယ်။ ဒီလောကအသက်တာမှာ ခရစ်တော်ရဲ့နောက်တော်ကို လိုက်လျှောက်တဲ့သူဟာ ဒီဘဝမှာရော၊ နောက်ဘဝမှာပါ ဆုကျေးဇူး ကောင်းကြီးမင်္ဂလာတွေ ခံစားရမယ်လို့ မိန့်တော်မူပါတယ်။

သင်က ဘုရားသခင်ကို ဘယ်လောက်ချစ်သလဲဆိုတာ တိုင်းတာချင်သလား။ ဒါဆို သင်က သူတစ်ပါးတွေကို ဘယ်လောက် ချစ်နိုင်သလဲဆိုတာနဲ့ တိုင်းတာရပါလိမ့်မယ်။ သူတစ်ပါးကို များများချစ်တဲ့သူဟာ ဘုရားသခင်ကို များများချစ်တဲ့သူပါပဲ။ သူတစ်ပါးကို မချစ်တဲ့သူဟာ ဘုရားကို လုံးဝမချစ်တဲ့သူပဲ ဖြစ်ပါတယ်။ သူတစ်ပါးကို ရေအေးလေးတစ်ခွက်ပေးရင်တောင် ဘုရားသခင်က သတိမူမိပါတယ်။ တန်ဖိုးမရှိတဲ့ ရေအေးလေးတစ်ခွက်အတွက်နဲ့တောင် ဘုရားသခင်က သူ့ကို ဆုလာဘ်ပေးတော်မူမယ်ဆိုမှတော့ သင့်ရဲ့ ကောင်းမှုတွေအားလုံးအတွက်လည်း အလကား မဖြစ်နိုင်ပါဘူး၊ ကောင်းမှုအားလုံးအတွက် ဆုလာဘ်တွေရမယ်ဆိုတာ ဘုရားက ဂတိပေးထားတဲ့ ကျမ်းပိုဒ်ပဲဖြစ်ပါတယ်။

သင့်ရဲ့ ကောင်းမှုအသေးအဖွဲလေးကအစ သတိမူမိတဲ့ဘုရားက သူတစ်ပါးအပေါ်မှာ ထားရှိရမည့် သင့်ရဲ့ချစ်ခြင်းမေတ္တာ ထားဖို့ပျက်ကွက်ရင်လည်း ဘုရားက သတိမူမိမယ်ဆိုတာကိုလည်း မမေ့ပါနဲ့။

“တစ်စုံတစ်ယောက်က ငါသည် ဘုရားသခင်ကို ချစ်သည်ဟုဆိုပြီး မိမိ၏ညီအစ်ကိုကို မုန်းတီးလျှင် ထိုသူသည် လိမ်ညာသောသူဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မိမိမြင်ဖူးသည့် ညီအစ်ကိုကို မချစ်သောသူသည် မမြင်ဖူးသောဘုရားသခင်ကို မည်သို့ချစ်နိုင်မည်နည်း။ ဘုရားသခင်ထံတော်မှ ငါတို့ရရှိခဲ့သော ပညတ်တော်သည်ကား ဘုရားသခင်အား ချစ်သောသူသည် မိမိ၏ညီအစ်ကိုကိုလည်း ချစ်ရမည်ဟူ၍ ဖြစ်သတည်း။” (ရှင်ယောဟန်ဩဝါဒ ၄း၂၀ - ၂၁)